# နေပြည်တော်စည်ပင်သာယာရေးကော်မတီ

# e-Office Application အသုံးပြုရန်အတွက် လိုအပ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ (i-Devices) ဝယ်ယူခြင်းလုပ်ငန်း (တင်ဒါစည်းကမ်းများ)

၁။ တင်ဒါလျှောက်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားပိုင် ဖြစ်ရမည်။ တင်ဒါပုံစံတွင် သက်ဆိုင်ရာကုမ္ပဏီဥက္ကဋ္ဌ (သို့) အုပ်ချုပ်မှုဒါရိုက်တာမှ လက်မှတ်ရေးထိုး ပေးပို့ရမည်။ တင်ဒါလျှောက်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်းမှ လွှဲအပ်ထားသည့် ကိုယ်စားလှယ်သည် ကိုယ်ရေးအချက်အလက် အပြည့်အစုံကို လိုင်စင်ဓါတ်ပုံ(၃)ပုံနှင့်တကွ ဖော်ပြပါလိပ်စာတွင် အမှန်တကယ် နေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း အခိုင်အမာ တင်ပြနိုင်ရမည်။ နိုင်ငံသားစိစစ်ရေးကဒ်တင်ပြနိုင်ရမည်။ တင်ဒါပါတွက်ချက်မှုများကို တင်ဒါတင်သွင်းသည့် ကုမ္ပဏီ/အဖွဲ့အစည်းမှ လုံးဝတာဝန်ယူရမည်။ (မှားယွင်းတွက်ချက်မှုများ၊ မှားယွင်းဖြည့်စွက်မှုများရှိပါက တွက်ချက်တင်သွင်းသည့် ကုမ္ပဏီ/အဖွဲ့အစည်း၏ တာဝန်ဖြစ်ပါသည်။)

၂။ တင်ဒါတင်သွင်းရာတွင် ကုမ္ပဏီများမှ ပေးသွင်းလိုသည့် ပစ္စည်း၏ အချက်အလက်များ Detail Specification of Each နှင့် တင်သွင်းသည့် ကုမ္ပဏီနှင့်သက်ဆိုင်သည့် အချက်အလက်များ (ဈေးနှုန်းလွှာမပါ ) ကိုသာ တင်သွင်းရန်ဖြစ်ပြီး၊ ဈေးနှုန်းအဆိုပြုလွှာအား တင်ဒါတင်သွင်းသူများ အားလုံးကို ဖိတ်ခေါ်၍ တင်ဒါရွေးချယ်ပွဲ ပြုလုပ်မည့် နေ့ရက်၌ တင်ဒါပုံးထဲသို့ အများရှေ့မှောက်တွင် ထည့်သွင်းရမည်။ တင်ဒါရွေးချယ်ပွဲသို့ ကုမ္ပဏီမှ အဆုံးအဖြတ်ပေးနိုင်သူ ကိုယ်တိုင်တက်ရောက်ရမည်။

၃။ တင်ဒါခေါ်ယူထားသော ပစ္စည်းများအတွက် ကုမ္ပဏီများမှ ပေးသွင်းလိုသည့် Type, Model, Brand, Country of Origin စသည်ဖြင့် ပြည့်စုံစွာ ထည့်သွင်းဖော်ပြရပါမည်။ ပစ္စည်း၏အချက်အလက်များ Detail Specification of Each နှင့် တင်သွင်းသည့် ကုမ္ပဏီနှင့်သက်ဆိုင်သည့် အချက်အလက်များ (ဈေးနှုန်းလွှာမပါ) ကို (၂.၂.၂၀၁၇) ရက် (၁၆၀၀) နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် စာရင်းအင်းထိန်းသိမ်းရေးဌာနသို့ တင်သွင်းရမည်။ နောက်ကျရောက်ရှိလာသော တင်ဒါများကို တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ လုံးဝ စဉ်းစားမည် မဟုတ်ပါ။

၄။ တင်ဒါတင်သွင်းရာတွင် ပစ္စည်းပေးသွင်းနိုင်မည့် အချိန်ကာလ အတိအကျ ဖော်ပြထားရမည်။ ကြေးနန်း၊ အမြန်ချောပို့၊ ဖက်စ်တို့ဖြင့် ပေးသွင်းလာသော တင်ဒါတင်သွင်းလွှာများကို လုံးဝလက်ခံလိမ့်မည်မဟုတ်ပါ။

၅။ ဈေးပြိုင်စာရင်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ထားသည့် ပုံစံအတိုင်း ပစ္စည်းအမျိုးအစားအလိုက် တင်သွင်းရမည်။ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် မကိုက်ညီသော ဈေးပြိုင်တင်သွင်းသူများကို လုံးဝ လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ i-Devices နှင့် ဆက်စပ်ပစ္စည်းများကို (၇-၃-၂၀၁၇) ရက် နောက်ဆုံးထား၍ ပေးသွင်းနိုင်ရမည်။ စံချိန်စံညွှန်းနှင့်ကိုက်ညီမှု ရှိ/မရှိ e-Government ဆိုင်ရာပစ္စည်းဝယ်ယူရေးအဖွဲ့၏ စစ်ဆေးမှုကို ခံယူရမည်။ Delivery Date အား စာချုပ်ပါ သတ်မှတ်ထားသည့်အတိုင်းဆောင်ရွက်ရန်နှင့် အကြောင်းပြချက်ခိုင်လုံမှုမရှိဘဲ သက်တမ်းတိုးမြှင့် ပေးမည်မဟုတ်ပါ။

၇။ ကုန်ပစ္စည်းများအားလုံးကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်တွင်းပြည်ပ ဆက်ဆံရေးနှင့် စာရင်းအင်းထိန်းသိမ်းရေးဌာနခွဲ၊ မြို့တော်ဝန်ရုံးအရောက် ပစ္စည်းရောင်းချသူက ပေးပို့ရမည်ဖြစ်ပြီး၊ ကျသင့်စရိတ်နှင့် ပေးဆောင်ရမည့် အခွန်အခများ (အားလုံး) ကို ပစ္စည်းရောင်းချသူမှ ကျခံရမည်ဖြစ်သည်။

**အာမခံနှင့် ငွေပေးချေခြင်း**

၈။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီ/အဖွဲ့အစည်းသည် အောင်မြင်သော လုပ်ငန်းတန်ဖိုး၏ (၁၀%) ကို အာမခံငွေ (Performance Bank Guarantee) အဖြစ် နေပြည်တော် စည်ပင်ဘဏ်လီမိတက် (နေပြည်တော်) တွင် စာချုပ် ချုပ်ဆိုပြီး (၃) ရက်အတွင်း ပေးသွင်းရမည်။ ပစ္စည်းလွှဲပြောင်း လက်ခံပြီး (၇) ရက်အတွင်း အဆိုပါ အာမခံငွေ (၁၀%) ကို ပြန်လည်ထုတ်ယူခွင့်ပြုမည်။

၉။ အာမခံငွေ (Performance Bank Guarantee) ကို စာချုပ် ချုပ်ဆိုပြီး (၃) ရက်အတွင်း ပေးသွင်းရန် ပျက်ကွက်ပါက ပစ္စည်းဝယ်ယူခြင်းအား ပယ်ဖျက်မည်ဖြစ်ပြီး၊ အခြားသင့်တော်သူထံမှ အစားထိုး ဝယ်ယူမည်ဖြစ်သည်။

၁၀။ Warranty ကာလအဖြစ် (၁) နှစ်အတွင်း ပစ္စည်းများ ပျက်စီးချို့ယွင်းပါက ကုမ္ပဏီမှ တာဝန်ယူ၍ ပြန်လည်ပြင်ဆင်ပေးရပါမည်။ Service ပေးနိုင်မှုနှင့် Warranty ပေးနိုင်မှုရှိရမည်။

၁၁။ ငွေပေးချေမှုအား ချက်လက်မှတ်ဖြင့် ပေးချေမည်ဖြစ်ပြီး ကုန်ပစ္စည်းများကို လွှဲပြောင်း လက်ခံပြီး (၇) ရက်အတွင်း ပေးသွင်းသည့်ပစ္စည်းအပေါ်မူတည်၍ ပေးချေမည်ဖြစ်သည်။ ထိုသို့ပေးချေရာတွင် နိုင်ငံတော်သို့ ပေးချေရမည့် ဝင်ငွေခွန် ၂%၊ ကုန်သွယ်လုပ်ငန်းခွန် ၅% နှင့် တံဆိပ်ခေါင်းခွန်အပါအဝင် အခွန်အခများအားလုံးကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ ပေးသွင်းရမည်။ အခွန်ပေးဆောင်ရာတွင် တည်ဆဲဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၂။ တင်သွင်းသည့်ပစ္စည်းများ နှင့်ပတ်သက်၍ ငွေသုံးစွဲမှု မှန်ကန်ကြောင်း စာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို ရွေးချယ်ခံရသူ ကုမ္ပဏီ/အဖွဲ့အစည်းမှ ပြီးပြတ်သည်အထိ အစစ်ဆေးခံနိုင်ရမည်။

**အထွေထွေ**

၁၃။ တင်ဒါအောင်မြင်သည့် ပစ္စည်းအမျိုးအစားအလိုက် သတ်မှတ်ရက်အတွင်း အပြည့်အဝ ပေးသွင်းနိုင်ခြင်း မရှိပါက ပေးသွင်းရန်ကျန် ပစ္စည်းများ၏ ကျသင့်တန်ဖိုးအတွက် ပေးသွင်းထားသော အာမခံငွေ (၁၀%) ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ရန်ပုံငွေအဖြစ် သိမ်းယူမည်ဖြစ်သည်။

၁၄။ ဈေးပြိုင်စာရင်း တင်သွင်းစဉ်က ဖော်ပြခဲ့သည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်နှင့် အရည်အသွေးအတိုင်း ပေးသွင်းရမည်။ အကယ်၍ မမှန်ကန်သောပစ္စည်းများ ဖြစ်ပါကလည်းကောင်း၊ တင်ပြထားသော အရည်အသွေးထက် လျော့နည်း၍သော်လည်းကောင်း ပေးသွင်းပါက ပစ္စည်းပေးသွင်းမှုကို လက်ခံမည်မဟုတ်ဘဲ အခြားသင့်လျော်သူထံမှ ပစ္စည်းပေးသွင်းမှုကို လက်ခံမည်ဖြစ်သည့်အပြင် တင်သွင်းထားသည့် အာမခံငွေ (၁၀%) ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ရန်ပုံငွေအဖြစ် သိမ်းယူမည်ဖြစ်သည်။

၁၅။ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့သည် အခြေအနေတစ်ရပ်ရပ်အရ တင်ဒါကို ပယ်ဖျက်ရန် အကြောင်းပေါ်ပေါက်ပါက အကျိုးအကြောင်းဖော်ပြ၍ တင်ဒါကို ပယ်ဖျက်နိုင်ခွင့်ရှိသည်။ တင်ဒါအောင်မြင်သူသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဖောက်ဖျက်ပါက တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့သည် ဈေးပြိုင်တင်သွင်းလွှာကို ပယ်ဖျက်မည်ဖြစ်ပြီး ကုမ္ပဏီအနေဖြင့် နာမည်ပျက်စာရင်း ကြေညာခြင်းခံရမည်ဖြစ်သည့်အပြင် တည်ဆဲဥပဒေများအရ တရားစွဲဆိုခြင်းခံရမည်။

၁၆။ တင်ဒါလျှောက်လွှာတင်ပြရာတွင် အောက်ပါအချက်အလက်များအား ပူးတွဲတင်ပြရမည် -

(က) တင်ဒါလျှောက်လွှာ။

(ခ) ကုမ္ပဏီ/အဖွဲ့အစည်းမှတ်ပုံတင်မိတ္တူ။

(ဂ) ကုမ္ပဏီ/အဖွဲ့အစည်း ကိုယ်စားလှယ်လွှဲစာ။

(ဃ) အဆိုပြု ပစ္စည်းများ၏ အသေးစိတ်တန်ဖိုးတွက်ချက်မှုစာရင်း။

(င) အဆိုပြု ပစ္စည်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များနှင့် ဓာတ်ပုံ CD။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## e-Office Application အသုံးပြုရန်အတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ (i-Devices) ဝယ်ယူခြင်းလုပ်ငန်း တင်ဒါတင်သွင်းခြင်း

| | | |
|---|---|---|
| ၁။ | လုပ်ငန်းအမည် | ________________________________ |
| ၂။ | တင်ဒါသွင်းသူ အမည်/ရာထူး | ________________________________ |
| ၃။ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ________________________________ |
| ၄။ | လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ | ________________________________ |
| ၅။ | ကုမ္ပဏီအဖွဲ့အစည်း အမည်၊ လိပ်စာနှင့် | ________________________________ |
| | ဆက်သွယ်ရန်ဖုန်း၊ e-mail လိပ်စာ | ________________________________ |
| | | ________________________________ |

၆။ ကုမ္ပဏီများမှပေးသွင်းလိုသည့် Type, Model, Brand, Country of Origin စသည်ဖြင့် Specification များအား ပြည့်စုံစွာ သီးခြားတင်ပြထားပါသည်။

၇။ တင်ဒါစည်းကမ်းချက်များကို တိကျစွာလိုက်နာပါမည်ဟု ဝန်ခံကတိပြုပါသည်။

**တင်ဒါတင်သွင်းသူ**

လက်မှတ် ..............................................................

အမည် ..............................................................

မှတ်ပုံတင်အမှတ် ..............................................................

# တင်ဒါတင်သွင်းခွင့်လျှောက်လွှာ

အမှတ်စဉ်-

သို့

တင်ဒါစိစစ်ရွေးချယ်ရေးကြီးကြပ်မှုကော်မတီ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်

လူကြီးမင်းခင်ဗျာ/ရှင့်

၁။ ကျွန်တော်/ကျွန်မသည် တင်ဒါတင်သွင်းမှုဆိုင်ရာ စာရွက်စာတမ်းများဖြစ်သော တင်ဒါတင်သွင်းရာတွင် လိုက်နာရမည့် တင်ဒါတင်သွင်းသူကို ညွှန်ကြားမှုများဆိုင်ရာ စာရွက်စာတမ်းများ တင်ဒါပုံစံ BQ၊ တင်ဒါစည်းကမ်းချက်များ၊ စံချိန်စံညွှန်းများကို ဖတ်ရှုနားလည်ပြီး ဖြစ်ပါသည်။

၂။ ထိုသို့ ဖတ်ရှုသိရှိနားလည်ပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျမည့်စရိတ်အားလုံး ထည့်သွင်းတွက်ချက်ထားပါသည်။

၃။ အကယ်၍ ကျွန်တော်/ကျွန်မ၏ တင်ဒါကို ရွေးချယ်ခံရပါက သတ်မှတ်ကာလအတွင်း ပစ္စည်းများကို အပြီး ပေးသွင်းနိုင်ပါသည်။

၄။ ကျွန်တော်/ကျွန်မသည် တင်ဒါတင်သွင်းမှုဆိုင်ရာ ညွှန်ကြားချက်များနှင့် တင်ဒါ စည်းကမ်းများကို ဖတ်ရှုသိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ရန် သဘောတူလက်ခံပါကြောင်း ဂန်ခံ ကတိပြုပါသည်။

လေးစားစွာဖြင့်-

လက်မှတ် ..........................................

ဥက္ကဋ္ဌ/အုပ်ချုပ်မှုဒါရိုက်တာအမည် ..........................................

ကုမ္ပဏီအမည်/လိပ်စာ ..........................................